# ဧပြီလ 8 ရက်၊ လွတ်လပ်သော သင်ကြားရေးနေ့

အမေရိကန်၏ နေအပြည့်ကြတ်သည့် နေထူးနေ့မြတ် (Great American Eclipse) အထိမ်းအမှတ်အနေဖြင့် DeKalb ကောင်တီ ကျောင်းခရိုင် (DCSD)သည် တနင်္လာနေ့၊ ဧပြီလ 8 ရက်၊ 2024 တွင် **ကျောင်းသားများနှင့် ကျောင်းအခြေပြု ဝန်ထမ်းများအတွက်** လွတ်လပ်သော သင်ကြားရေးနေ့အား စီမံထားရှိပေးမည် ဖြစ်ပါသည်။ (မှတ်ချက် - 12 လတာ ခရိုင်အဆင့်ဝန်ထမ်းအားလုံးသည် ၎င်းတို့၏ ပုံမှန်သတ်မှတ်ထားသော အလုပ်နေရာများသို့ အစီရင်ခံရပါမည်။ လွတ်လပ်သောသင်ကြားရေးနေ့ လှုပ်ရှားမှုများသည် နေကြတ်ခြင်း တစ်စိတ်တစ်ပိုင်းကို တွေ့ ကြုံခံစားရစေနိုင်ရန် ဘေးကင်းသော ကြည့်ရှုခြင်းနှင့် သင်ကြားပို့ချမှုဆိုင်ရာ အခွင့်အလမ်းများအား ထောက်ပံ့ပေးအပ်မည် ဖြစ်သည်။

Georgia သည် နေကြတ်လမ်းကြောင်းတွင် မရှိသော်လည်း မွန်းလွဲ 1:45 တွင်စတင်ကာ ညနေ 4:21 ၌ ပြီးဆုံးမည်ဟု ခန့်မှန်းရသည့် တစ်စိတ်တစ်ပိုင်း နေကြတ်ခြင်းကိုမူ တွေ့မြင်ရနိုင်မည် ဖြစ်သည်။ တစ်စိတ်တစ်ပိုင်း နေကြတ်ခြင်းပင်ဖြစ်လျှင့်ကစား လူတိုင်းသည် **နေကြတ်ခြင်းအား ကြည့်ရှုသည့် မျက်မှန်များ** ကို တပ်ဆင်၍ မိမိတို့၏ မျက်လုံးများကို ကာကွယ်ရပါမည်။ ဘေးကင်းလုံခြုံမှုဆိုင်ရာ အကြံပြုချက်များအား ပိုမိုသိရှိရရန် ကျေးဇူးပြု၍ [https://science.nasa.gov/eclipses/ future-eclipses/eclipse-2024/safety/](https://science.nasa.gov/eclipses/future-eclipses/eclipse-2024/safety/) သို့ သွားရောက်ကြည့်ရှုပါ။